ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်

နေပြည်တော်

ရက်စွဲ၊ ၂၄ - ၁၁ - ၂၀၁၄ ။

ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

ချစ်ခင်လေးစားရပါသော သတင်းစာဆရာကြီးများခင်ဗျား

၁။ ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂။ သတင်းစာများသည် ပြည်သူများ၏ နား မျက်စေ့များဖြစ်သကဲ့သို့ သတင်းစာဆရာများသည် လည်း ပြည်သူများ၏ နား မျက်စေ့ကို ဖွင့်ပေးနေသည့် အရေးပါသော ကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

၃။ ယနေ့အချိန်အခါတွင် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည် တစ်နေ့တခြား အရေးပါအရာရောက်လာကြသည်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ ရေးသားခွင့် များသည် ဒီမိုကရေစီ၏ ပုံရိပ်များဖြစ်ပါသည်။

၄။ ပွင့်လင်းမြင်သာမှုရှိခြင်းကိုလည်း သတင်းမီဒီယာများက ပိုမိုထင်ရှားစေသည်။ နေရာအနှံ့၊ ကမ္ဘာအနှံ့သို့ ပြန့်နှံ့ရောက်ရှိအောင် ပို့ဆောင်ပေးနေသည်။

၅။ သတင်းမီဒီယာကို မှန်ကန် တက်ကြွစွာ အသုံးပြုပြီး မြန်မာနိုင်ငံနှင့် မြန်မာ နိုင်ငံသားများ၊ ဒေသ တွင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးက သက်ဆိုင်ရာနိုင်ငံသားများ၊ ကမ္ဘာ့ ပြည်သူများ၏ မူလ

အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကို မြန်မာနိုင်ငံ သတင်းစာဆရာများက ဖော်ဆောင် ဆောင်ရွက် နိုင်ကြပါစေကြောင်း မေတ္တာ စေတနာဖြင့် ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

သူရရွှေမန်း

နာယက၊
ပြည်ထောင်စုလွှတ်တော်

ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်